## မာတိကာ


❑ ဘာသာပြန်သူ၏ အမှာစကား က

### အောင်မြင်မှုနှင့် ငွေကြေး

၅၆။ ငွေကြေးအပေါ် အကောင်းမြင်စိတ် မွေးပါ ၃
၅၇။ ကိုယ် အာရုံစူးစိုက်တာ ကိုယ် ရတယ် ၁၅
၅၈။ ကိုယ့်ကိုယ်ကိုယ် အရင်ဆုံး ပေးချေပါ ၂၃
၅၉။ ငွေ သုံးစွဲတဲ့ ဂိမ်းကစားပွဲမှာ ကျွမ်းကျင်ပိုင်နိုင်မှု ရှိပါစေ ၃၅
၆၀။ ငွေကို ပိုသုံးချင်ရင် ပထမအဆင့်အနေနဲ့ ငွေကို ပိုပြီး ရှာလိုက်ပါ ၄၅
၆၁။ ပိုပြီး လိုချင်ရင် ပိုပြီး လှူဒါန်းပါ ၆၁
၆၂။ အလုပ်အကျွေးပြုရန် နည်းလမ်း ရှာပါ ၇၁

### ဒီဂျစ်တယ်ခေတ်တွင် အောင်မြင်ရေး

၆၃။ ကိုယ် လိုအပ်တဲ့ နည်းပညာကို ကျွမ်းကျင် ပိုင်နိုင်ပါစေ ၈၁
၆၄။ အွန်လိုင်းပေါ်က ကိုယ့်ပုံရိပ်ကို အမှတ်တံဆိပ်သဖွယ် သဘောထားပါ ၉၇
၆၅။ ကိုယ့်ရဲ့ ဂုဏ်သတင်း တက်လာဖို့ ဆိုရှယ်မီဒီယာ သုံးပါစို့ ၁၁၅
၆၆။ အများစုပေါင်း ထည့်ဝင်မှုရဲ့ စွမ်းပကားကို အသုံးချတတ်ပါစေ ၁၂၅
၆၇။ ကိုယ့်ရှေ့ရေးအမြင်ကို ချဲ့ထွင်ပေးနိုင်မယ့်သူတွေနဲ့ ချိတ်ဆက်ပါ ၁၃၇
❑ နိဂုံးစကား ၁၄၅


❑ လောလောဆယ် ကိုယ် နေရတဲ့ဘဝဟာ မိတ်ဆွေ အရင်တုန်းက တွေးခဲ့တာတွေ၊ ကိုယ် ရွေးချယ်ဆုံးဖြတ်ခဲ့တာတွေ၊ ကိုယ် လုပ်ဆောင်ခဲ့တာတွေရဲ့ ရလဒ်ပါပဲ။ မိတ်ဆွေ အနာဂတ်မှာ နေရမယ့် ဘဝဟာ ဒီကနေ့ တွေးခဲ့တာ၊ ဆုံးဖြတ်ခဲ့တာ၊ လုပ်ဆောင်ခဲ့တာတွေရဲ့ ရလဒ် ဖြစ်ပါလိမ့်မယ်။ အခုကနေ စပြီး နောက်တစ်နှစ်၊ နှစ်နှစ် ကြာရင် မိတ်ဆွေ နေချင်တဲ့ဘဝ၊ အလားတူပဲ မိတ်ဆွေ အနားယူခဲ့ပြီးရင် မိတ်ဆွေ ဖြစ်ချင်တဲ့ ဘဝပုံစံတွေ ရရှိလာရအောင်၊ အဲလို စိတ်ကူးအိပ်မက်တွေထဲက ဘဝပုံစံတွေအတိုင်း နေထိုင်နိုင်ရအောင် ကိုယ် ငွေကြေး ဘယ်လောက် သုံးစွဲဖို့ လိုမလဲလို့ တိတိကျကျ တွက်ချက်ရပါမယ်။

*ကိုယ် အာရုံစူးစိုက်တာ ကိုယ် ရတယ်* မှ

❑ ဒီဂျစ်တယ်ခေတ်မှာ အရင်တုန်းက နှစ်ပေါင်းအများကြီး ကြာအောင် လေ့လာဆည်းပူးယူဖို့ လိုအပ်တဲ့ အလွန့်အလွန် အောင်မြင်နည်းတွေဟာ လူတိုင်း လက်လှမ်းမီရုံမျှတင်မကပဲ မြန်မြန်ဆန်ဆန် အလျှံပယ် ရောက်ရှိလာကြပါပြီ။ အမှန်ပြောရရင် အလွန့်အလွန်ကို များလာကြပြီလို့တောင် ဆိုနိုင်ပါတယ်။ မိတ်ဆွေ အောင်မြင်ဖို့ ကူညီပေးနိုင်တဲ့ ဝက်ဆိုက်တွေ၊ ဗီဒီယိုတွေ၊ အွန်လိုင်းကနေ သင်ယူလို့ ရနိုင်တဲ့ အရင်းအမြစ်တွေဟာ သန်းနဲ့ချီ ရှိနေပါပြီ။ အဲဒီလို သတင်းအချက်တွေ၊ အရင်းအမြစ်တွေ ပေါများလွန်းလာတဲ့အခါ ဒီဂျစ်တယ်ခေတ်မှာ အောင်မြင်ဖို့ ဆိုရင် အချိန်စီမံခန့်ခွဲမှု၊ သတင်းအချက်အလက် စီမံခန့်ခွဲမှု၊ ဘဝစီမံ ခန့်ခွဲမှုတွေကို ချဉ်းကပ်ဆောင်ရွက်တဲ့အခါမှာ သတိဝီရိယ ပိုရှိဖို့ လိုလာပါတယ်။

*ကိုယ် လိုအပ်တဲ့ နည်းပညာကို ကျွမ်းကျင် ပိုင်နိုင်ပါစေ* မှ

❑ မိတ်ဆွေရဲ့ ဈေးကွက်တန်ဖိုး ရာခိုင်နှုန်း ၈၀ ဟာ မိတ်ဆွေအတွေးတွေဟာ ဘယ်လောက် ပြောင်မြောက်သလဲ၊ ကိုယ့်ရဲ့ ကိုယ်ပိုင်အမှတ်တံဆိပ်ဟာ ဒီကမ္ဘာပေါ်မှာ ဘယ်လောက် အားကောင်းသလဲ ဆိုတာတွေပေါ်မှာ မူတည်ပါတယ်။ မိတ်ဆွေရဲ့ တန်ဖိုးရှိတဲ့ ကိုယ်ပိုင်အမှတ်တံဆိပ်ကနေ ကြွယ်ဝချမ်းသာမှုတွေ စီးဆင်းလာပါလိမ့်မယ်။ အဲဒီတော့ ကိုယ့်ကိုယ်ပိုင် အမှတ်တံဆိပ်ကို အွန်လိုင်းပေါ်မှာ ဘယ်လို တည်ထောင်နိုင်ပါမလဲ။

*အွန်လိုင်းပေါ်ကကိုယ့်ပုံရိပ်ကို အမှတ်တံဆိပ်သဖွယ်သဘောထားပါ* မှ

❑ သမိုင်းကို ပြန်ကြည့်လိုက်ရင် အအောင်မြင်ဆုံး ဆိုတဲ့သူတွေ အတော်များများဟာ ဈေးကွက်ထဲက လိုအပ်ချက် တစ်ခုခုကို တွေ့အောင် ရှာပါတယ်။ ပြီးတာနဲ့ အဲဒါကို ဖြည့်ဆည်းပေးနိုင်မယ့် အဖြေကို ထုတ်ပေးလိုက်တာပါပဲ။ မိတ်ဆွေရဲ့ စိတ်ကူးအိပ်မက်ဟာ ကိုယ့်ရဲ့ ကိုယ်ပိုင်လုပ်ငန်းကနေ ဒါမှမဟုတ် ကိုယ့်ရဲ့ ပင်မအလုပ်အပြင် ငွေတွေ ထပ်ရှာနိုင်ဖို့ ဆိုရင် သူများတွေ မဖြည့်ဆည်းနိုင်သေးတဲ့ လိုအပ်ချက်တစ်ခုခုကို တွေ့အောင် ရှာပါ။ ဒါကို ကိုယ်က ဘယ်လို ဖြည့်ဆည်းမလဲ ဆိုတာကိုလည်း ဆုံးဖြတ်လိုက်ပါ။

*ငွေကို ပိုသုံးချင်ရင် ပထမအဆင့်အနေနဲ့ ငွေကို ပိုပြီး ရှာလိုက်ပါ* မှ

❑ ဆိုရှယ်မီဒီယာမှာ ကိုယ့်ရဲ့အမှန်အကန်ဖြစ်တည်မှုဟာ သော့ချက်ပါ။ ဒါကို ပြနိုင်ရင် မိတ်ဆွေတွေ၊ ပရိသတ်တွေ၊ ဖော်လိုဝါတွေဟာ ကိုယ့်ဘက်မှာ ရှိနေပါလိမ့်မယ်။ နှိမ့်နှိမ့်ချချ နေပါ။ အခြားသူတွေကပဲ ကိုယ့်အကြောင်း ပြောနေကြပါစေ။ ဘယ်တော့မှ ကြွားကြွားဝါဝါ မလုပ်ပါနဲ့။ ကိုယ့်ရဲ့ ဂုဏ်သိက္ခာကို အွန်လိုင်းမှာကော အပြင်မှာပါ ထိန်းသိမ်းစောင့်ရှောက်ပါ။ နိုင်ငံရေး၊ ဘာသာရေး၊ ဆေးပညာဘာသာရပ်နဲ့ ပတ်သက်လို့ ကိုယ့်အထင်အမြင်ကို ဘယ်တော့မှ ထုတ်ဖော်မပြောဆိုပါနဲ့။ ကိုယ့်ရဲ့ကိုယ်ပိုင် *Brand* ကို ဒါတွေနဲ့ တည်ဆောက်ထားတာဆိုရင်တော့ တစ်မျိုးပါ။

*ကိုယ့်ရဲ့ ဂုဏ်သတင်း တက်လာဖို့ ဆိုရှယ်မီဒီယာ သုံးပါစို့* မှ